မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၃)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၅ ရက် ၊ ၂၇-၈-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ လူရည်ချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

## လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေ

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆု ရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သင်္ချာစွမ်းရည်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာအညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၂

ပရိုမီးယားလိဂ်တွင် ဂိုးသွင်းနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ငိုမူဟာ မှတ်တမ်းဝင်
စာမျက်နှာ ၁၁

ဗီယက်နမ်နိုင်ငံကို ကျော်ဖြတ်တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအလိုက် မိုးထစ်ချုန်းရွာနိုင်
စာမျက်နှာ ၁၃

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ရေး ဆောင်ရွက်လျက်ရှိ

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့အစိုးရလက်ထက်၌ စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၈၉)ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူ (၅၀၉၁)ဦး လာရောက်အပ်နှံတက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ်ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်းအလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေး၌ ပြောကြားခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် ပါရှိသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဟု နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ၊ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်းတူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံး ရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ (၁၀)မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ (၃)မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်ကစိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက်စပါးစိုက်ပျိုးသည့် တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး နိုင်ငံတော်မှ မတည်ငွေများအတိုးမဲ့စိုက်ထုတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး (၆)ခုတို့အတွက် ရှေ့ပြေးဦးစားပေးဆောင်ရွက်ပေးထားပြီး နောက်ပိုင်းတွင် ကျန်ရှိသည့် ဒေသများတွင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံ သက်(၁၄၇)နှစ်မြောက် မတကဘတ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပမည်



**မန္တလေး ဩဂုတ် ၂၆**

ရတနာပုံ မန္တလေးမြို့ တည် နန်းတည် မင်းတုန်းမင်းတြားကြီးသည် သက္ကရာဇ် ၁၂၄၀ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်တွင် နတ်ပြည်စံခဲ့ပါသည်။ မင်းတြားကြီးနတ်ပြည်စံပြီးနောက် နန်းတက်သော သီပေါမင်းတြားကြီး လက်ထက်တော်မှစကာ မင်းတြားကြီး နတ်ပြည်စံသည့်နေ့ရက်တွင် သေသူအားရည်မှန်းကာ ဆွမ်းဆက်ကပ်ခြင်းအလှူဖြစ်သော မတကဘတ် ဆွမ်းဆက်ကပ်လှူဒါန်းမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၇ရက်(၁၃၈၇ခု သီတင်းကျွတ် လဆန်း ၆ ရက်)တွင် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံ(၁၄၇) နှစ်မြောက် မတကဘတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ကုန်းဘောင်ဆက် မောင်နှမများက ပြန်လည်ကျင်းပနိုင်ခြင်း (၁၁)နှစ်မြောက်အဖြစ် ကုသိုလ်အမျှ ဆက်သွားမည်ဖြစ်သည်။

ယခုနှစ် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံ(၁၄၇)နှစ်မြောက် မတကဘတ်ဆွမ်းဆက်ကပ်လှူဒါန်းမှုအား မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်းရှိ မင်းတုန်းမင်းတြားကြီး ကုသိုလ်တော် ကျွန်းကျောင်းတော်ကြီးတွင် ရေစက်ချပွဲအခမ်းအနား ကျင်းပခြင်း၊ ရွှေကျင်တိုက်မကြီးအတွင်းရှိ သံဃာတော်များ၊ သာမဏေများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေစက်ချအခမ်းအနားတွင် ပင့်သံဃာ ၁၁ ပါးနှင့် မင်းတုန်းမင်းတြားကြီးအားရည်မှန်း၍ သံဃာတော် ၆၅ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအဖြစ် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါသော ဆွေတော် မျိုးတော်များ၊ မိတ်သင်္ဂဟများအနေဖြင့် ထိပ်တင်နှင်း ဖုန်း ၀၉-၄၀၂၅၈၅၃၅၈ ထိပ်တင်အောင် ဖုန်း ၀၉-၄၅၀၀၂၈ ၉၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး လှူဒါန်းနိုင်မှုအသေးစိတ်နှင့် သိရှိလိုသည်များအား ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

၀-၀-၀-၀

၀-၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ ၃၄လမ်း ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဇေရာဝတီကမ်းနားလမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေဝန်းအနောက်ရပ်ကွက်၊ ၄၁လမ်း၊ သင်္ဘောမြောင်းဘေးနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင်

ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတွင်လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သောကမ္ဘာရုံတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်

❖ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားရန်လို

❖ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန်လို

❖ အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်

❖ လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလို

☆ ရှေ့ဖုံးမှ

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော် ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စားကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ကြေညာပြီးချိန်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ နှစ်စဉ်ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားအပါအဝင် (၁၄) ကြိမ်ရှိပြီဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း/စစ်သည် အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများထဲမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာ ဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက် အကောင်းဆုံး တပ်မတော် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် အောင်ချက် အကောင်းဆုံး တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့ကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လူရည်ချွန်ဆုရရှိသူ ၄၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူ နှစ်ဦး၊ သင်္ချာစွမ်းရည်ဆုရရှိသူ တစ်ဦးတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အလိုက် ပြုလုပ်သည့် ဆုချီးမြှင့်ခြင်း အခမ်းအနားများတွင် သုံးဘာသာ ဂုဏ်ထူးရှင် ၂၄၈ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၃၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၉၇ ဦးနှင့် တက္ကသိုလ်ပညာသင်ဆု ရရှိသူ ၇၈ ဦးတို့ကိုလည်း ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း။

ကျောင်းနေစဉ်ကာလတွင် မိမိတို့ ကျေပွန်အောင်ထမ်းဆောင်ရမည့် ပညာရေးတာဝန်ကို ထူးချွန်စွာ ကျေပွန်အောင် ကြိုးစားခဲ့သည့်အတွက် လူရည်ချွန်ဆု ရရှိသူများအတွက် တစ်ဦးလျှင် ရွှေသုံးမတ်သား၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူး သုံးဘာသာနှင့် အထက်ရရှိသူများကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ ဂုဏ်ထူးတစ်ဘာသာနှင့် အထက် ရရှိသည့် စစ်သည်များကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ဆုရရှိသူများကို ပထမဆု ရွှေသုံးမတ်သား၊ ဒုတိယဆု ရွှေငါးမူးသား၊ တတိယဆု ရွှေတစ်မတ်သား နှုန်းစီဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပြသပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအားလုံးနှင့် တပ်မတော်ပညာရေး တာဝန်ခံတာဝန်ရှိသူများ အားလုံးကိုလည်း အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းနှင့် အောင်ချက်များ ကောင်းမွန်အောင် စွမ်းဆောင်ခဲ့ကြသည့် သက်ဆိုင်ရာ ကျောင်းအသီးသီးမှ တာဝန်ရှိသူများကိုလည်း ယနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ အနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးကိုဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးကြရဦးမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသား အလေ့အကျင့်ကောင်းနှင့်ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။ **"ပညာရဲရင့် ပွဲလယ်တင့်"**၊ **"ပညာရွှေအိုး လူမခိုး"** ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး **"ငယ်စဉ်အခါ ပညာရှာ"**ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်ကြောင်း၊ **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှာဖွေသည့်အခါတွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာကြရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **"အမျိုးသားပညာရေးကဏ္ဍ"** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးပေးနေသကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက် အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စဖြင့် ဝင်ရောက်လာသူများရှိသည့် အတွက်ကြောင့် အဆိုပါ စစ်သည်များ၏ ဘဝတိုးတက်မှုနှင့် တပ်မတော်စွမ်းရည်မြင့်မားစေရန် တပ်မတော် ပညာရေး သင်တန်းကျောင်းများတွင် အတန်းလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် စစ်သည်တော်ကောင်းများ ပေါ်ထွက်လာအောင် ပညာရေးကို အားပေးလျက်ရှိသကဲ့သို့ ယနေ့အချိန်တွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများရရှိရန်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထား ဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေး ပြည့်ဝသည့် လူငယ်များ၏ အားအများကြီး လိုအပ်ကြောင်း၊ "ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ပင်ဖြစ်ကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်အတွက် သာလျှင် အရေးပါခြင်း မဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဒီမိုကရေစီ နိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီ သဘောတရားများနှင့် အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေး မြင့်မားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များ ရှိကြရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မသင်းသဒ္ဒါဆွေအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်အောင်ပြေဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောင်းအုပ်ချုပ်မှုတာဝန်ခံတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲတွင် တတိယဆုရ မောင်ဥက္ကာအောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

✰ စာမျက်နှာ ၃ မှ

အခြေခံ ပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပညာရေးကဏ္ဍအပါအဝင် အခြားလူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများရှိခဲ့သော်လည်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် အစိုးရ၊ ပြည်သူအားလုံးလက်တွဲညီညီဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းမှာပင် အဆိုးရွားဆုံး အခြေအနေများကနေ ပြန်လည်ရုန်းထွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍတွင် နောက်ကျမှုမရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မမေ့နိုင်ဖွယ် မှတ်တမ်းတစ်ခုပင် ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကို အရှုံးမပေးဘဲ မလျှော့သော ဇွဲလုံ့လတို့နှင့် ကြိုးစား အားထုတ်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းများကို အားသွန်ခွန်စိုက် သင်ကြားပေးခဲ့ကြသည့် ဆရာဆရာမများနှင့်သက်ဆိုင်ရာကျောင်းအသီးသီးက လေ့ကျင့်သင်ကြားရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဆရာမများ စသည့် ပညာရေးတာဝန်ခံအားလုံးကို အသိအမှတ်ပြုပါကြောင်းကို လေးလေးနက်နက် ပြောကြားလိုကြောင်း။

တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ထူးထူးချွန်ချွန်နှင့် ပြီးမြောက် အောင်မြင်အောင်ကြိုးစားနိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ထိုသို့ အောင်မြင်မှုကို ရရှိရန် မလွယ်ကူသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မိမိတို့ ဝါသနာပါရာ တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူကြရဦးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်ဖြစ်စေ၊ ဝိဇ္ဇာဘာသာရပ်ဖြစ်စေ အားလုံးသည် အဖိုးတန်ပညာရပ်များပင်ဖြစ်သည်ကို သိရှိနားလည်ပြီး မည်သည့်ပညာရပ်မျိုးကိုမဆို တိုင်းပြည်တည်ဆောက်ရေးအတွက် အသုံးဝင်လျက်ရှိသည်ကို အားလုံးသိထားကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာ ဆန်းများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထိုသို့ ပြောင်းလဲမှုနှင့်အတူ မိမိတို့က လိုက်ပါနိုင်စွမ်းရှိအောင် ကြိုးစားနေကြရန်နှင့် ထိုသို့ပြောင်းလဲမှုနှင့်အတူ ကြိုးစားသည့်အခါတွင် သတင်းမီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ်လိုက်ပါနေရန် လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့စရိုက် အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်း ဆင်ခြင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းတု၊ သတင်းမှားများသည် လူတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် မှန်ကန်သည့် သတိ၊ အသိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်း ရှိကြရန်လိုကြောင်း။

ထိုသို့ ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံခြင်းအပြင် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းကလည်း အကျိုးရှိသည့် လုပ်ရပ်တစ်ခုပင် ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် မိမိတို့အတွက် သုတ၊ ရသ ပြည့်ဝစေမည့် စာပေများကို ဖတ်ရှုရင်း ဘဝတိုးတက်မှုကို ရှာဖွေကြရန်၊ လူ့ဘဝရောက်လာသည့် အခိုက်တွင် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံအကျိုးနှင့် လူ့လောကကို သာယာစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့မှသာ လူပီသမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်အတွက် နိုင်ငံသားကောင်းတစ်ဦး ပီသအောင် နေထိုင်ကျင့်ကြံခြင်းသည်လည်း အဖိုးတန် လူသားကောင်းတစ်ဦးအဖြစ် ဂုဏ်ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ လူငယ်များပီပီ လေ့လာ စူးစမ်းမှုပြုခြင်းသည် ကောင်းသော်လည်း မကောင်းသည့်အပြုအမူများအပေါ် မစူးစမ်းခြင်းသည် မိမိအတွက်သာမက မိသားစုနှင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးမည် ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ခြင်းကြောင့် ယနေ့အချိန်ထိ ပိုင်ဆိုင်ထားပြီးသား အလေ့အကျင့်ကောင်းနှင့် စည်းကမ်းလိုက်နာမှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်အဆင့်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မိမိတို့နိုင်ငံ၏ ကောင်းမွန်သည့် သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု၊ ဇာတိသွေး ဇာတိမာန်ထက်သန်မှု၊ နိုင်ငံချစ်စိတ်၊ ဓလေ့ထုံးစံများကို ကျောင်းနေစဉ်အရွယ်မှာကတည်းက သိနားလည်အောင် တာဝန်ရှိ ဆရာ ဆရာမများက သင်ကြားပျိုးထောင်ပေးခဲ့ပြီ ဖြစ်ကြောင်း၊ ဘာသာရပ် တစ်ခုစီတိုင်းတွင် လေးနက်သည့် အဓိပ္ပာယ်များ ဖော်ဆောင်နေလျက် ရှိကြောင်း၊ မိမိတို့ သင်ယူခဲ့သည့် ပညာရပ်များအပေါ် ပိုင်းခြားစိတ်ဖြာနားလည်မှု ရှိပြီး နောက်ထပ်တွေ့ဆုံရမည့် မျိုးဆက်သစ်များကိုပါ မှန်ကန်သည့် လမ်းညွှန်မှုပြသပေးနိုင်ကြရန်လိုကြောင်း။

ထို့ပြင် ကျောင်းသားကျောင်းသူများအနေဖြင့် "တပ်မတော်သားအမိ၊ တပ်မတော်သား အဖ"ဆိုသည့် အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် အငြိမ်းစား ယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများ ရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ ဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရားတုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပတော့မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကိုလည်း နိုင်ငံတော်ကနေ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေကြောင်း၊ ပြည်သူများ မျှော်လင့်နေကြသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီ ရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေး တောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ ကိုယ်စားလှယ်များ ပေါ်ပေါက်လာပြီး အစိုးရအဖွဲ့ အစည်းဆိုတာလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျကျ သိက္ခာရှိသော၊ လွတ်လပ်သော၊ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်မှလည်း သိက္ခာရှိသည့် လွှတ်တော်၊ သိက္ခာရှိသည့် ပြည်သူအများစုက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအစိုးရ ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရကပင် မိမိတို့ လိုရာခရီးဖြစ်သည့် ဒီမိုကရေစီ ပန်းတိုင်ဆီ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်းကို မိမိတို့ ပြည်သူများအားလုံး၊ အဖွဲ့အစည်းများအားလုံးက သိရှိနားလည်ကြရန် အရေးကြီးကြောင်း။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အမတ်များဖြစ်စေရန် တတ်နိုင်သမျှ ကြိုတင်စီမံဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

အသက်အပိုင်းအခြား ပြည့်မီကြမည့် ကျောင်းသား ကျောင်းသူများသည်လည်း ရွေးကောက်ပွဲ၏ အခြေအနေများ၊ အနှစ်သာရ တန်ဖိုးများကို သိရှိနားလည်ပြီး အခြားသော မိဘပြည်သူများနှင့် တန်းတူ မဲပေးနိုင်အောင်၊ မိမိတို့ ရရှိသည့်အခွင့်အရေး မဆုံးရှုံးရလေအောင် ဆန္ဒမဲပေးကြရန် လိုအပ်ကြောင်း၊ ၎င်းသည် နိုင်ငံသားတစ်ယောက်အတွက် ရရှိသည့် အဖိုးတန်အခွင့်အရေးပင် ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ✰

☆ စာမျက်နှာ ၄ မှ

အစိုးရနှင့် မိဘပြည်သူများဘက်က ရွေးကောက်ပွဲနှင့် ပတ်သက်၍ အပြုသဘောဆောင်စွာ ကြိုးပမ်းနေချိန်တွင် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များလည်း ရှိနေကြောင်း၊ ယင်းတို့သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နှောင့်ယှက် ဖျက်ဆီးမှုများပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန် လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရချိန်တွင် မှန်ကန်သည့် အသိဉာဏ်များနှင့် ဖြေရှင်းနိုင်အောင် ပညာဆိုသည့် ဝမ်းစာ ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်အရွယ်ကိုပင်ရောက်ရောက် ပညာဆိုသည်မှာ ဆည်းပူး၍ မကုန်ဆုံးနိုင်သည့်အတွက် စဉ်ဆက်မပြတ် လေ့လာနေကြရမည် ဖြစ်သကဲ့သို့ “အာရောဂျံ ပရမံ လာဘံ” ဆိုသည့်အတိုင်း မိမိကျန်းမာရေးကို အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကအစ ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့် လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များဖြစ်အောင် ဆက်လက် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့်စစ်သည်များ၊တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သား ဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းတို့တွင် (ပထမ၊ ဒုတိယ၊ တတိယ) ရရှိကြသူများ၊ သချင်္ချာစွမ်းရည်ဆု (တတိယ)ရရှိသူ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများ၊ လူရည်ချွန်ဆုရရှိသူ နှစ်ဦး၊ သချင်္ချာစွမ်းရည် ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးနှင့်ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၏ဇနီးက လူရည်ချွန်ဆုရရှိသူ လေးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရ စစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လူရည်ချွန်ဆုရ မောင်ဟိန်းလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**❖ ကျောင်းသား ကျောင်းသူများအနေဖြင့် “တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ”ဆိုသည့်အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများ ဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆု ချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများ ဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများ ရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန် ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ ဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရား တုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလို**

# ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊အမှုထမ်းများအားတွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၆

ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တွေ့ဆုံအမှာစကား ပြောကြားသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်စေလွှတ်ခြင်းခံရမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း၊ သံတမန်ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိနိုင်ငံတော်အပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ ဗို့တာဝန်အရေးသုံးပါးအား အစဉ်အလေးထား၍ တာဝန်ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ ထမ်းဆောင်ရမည့်တာဝန်များကို မိမိတို့၏အသက်နှင့်ထပ်တူ အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သံတမန်တစ်ဦး၏ အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Good Listener ကောင်းတစ်ယောက်ဖြစ်မှသာလျှင် လေ့လာသင်ယူနိုင်ပြီး အကျိုးရှိစွာ ပြန်လည်အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အဓိကဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကို ကောင်းမွန်စွာပြောဆိုနိုင်မှသာလျှင် မိမိအား အရေးကြီးသောလုပ်ငန်းတာဝန်များကို ပေးအပ်လာပါက မိမိအနေဖြင့် တိုက်ရိုက်ဆက်သွယ်ပြောဆို ဆက်ဆံနိုင်မည်ဖြစ်ကြောင်း၊ သုံးနှစ်တာကာလအတွင်း သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားအပြင် အခြားဘာသာစကားများကိုလည်း တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ ယခင်ကကြုံတွေ့ခဲ့ရသည့် ပြဿနာရပ်များကို လေ့လာသင်ယူကာ ကိုယ်ပိုင်အကြံဉာဏ်ဖြင့်ဖြေရှင်းနိုင်ရေး Problem Solving Skill ရှိရန်လိုအပ်ကြောင်း၊ ပြဿနာများကိုဖြေရှင်းရာတွင် စိတ်ဝင်စားမှုရှိပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများကိုလည်း စဉ်းစားထားရန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှားစေလိုကြောင်း။

သံတမန်ဆိုသည်မှာ နိုင်ငံကို ကိုယ်စားပြု၍ မိမိနိုင်ငံ၏အကျိုးစီးပွားနှင့်ဂုဏ်သိက္ခာကိုဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့်ကျန်းမာရေးကို အထူးဂရုစိုက်ရန်မှာကြားလိုကြောင်း၊ နိုင်ငံသိက္ခာကျစေမည့်ကိစ္စရပ်များကို မလုပ်ရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် ပညာရပ်များကိုလေ့လာနိုင်သည့် အခွင့်အရေးများစွာရှိသည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ကောင်းမွန်သော အမူအကျင့်၊ အလေ့အထများကိုလည်း လေ့လာဆည်းပူးနိုင်ပြီး အသုံးချတတ်ရန်လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်အောင်၊ ထက်မြက်အောင်၊ ဂုဏ်သိက္ခာရှိအောင်၊ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုမြင့်မားလာစေအောင် ကြိုးစားနေကြရမည်ဖြစ်ပြီး မိမိတို့၏ Capacity ကို အမြဲမြှင့်တင်နေရန်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အောင်မြင်မှုများရရှိကြသည်ကိုသာ မြင်တွေ့လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# (၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

(၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development-AMMSWD and Related Meetings)ကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ M-Gallery Hotel ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံကျင်းပသည်။

အဆိုပါ အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် အကြိမ်(၂၀) မြောက် အာဆီယံအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖိုရမ် (20th ASEAN GO-NGO Forum)ကို ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အာဆီယံနိုင်ငံများရှိ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်တွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပေါ် အာဆီယံဒေသတွင်း နိုင်ငံအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ Speaker များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး အကြံပြုချက်များကို ဖော်ထုတ်ခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) ပေးပွဲအခမ်းအနား၊ (၂၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (21st SOMSWD Meeting)ကိုလည်းကောင်း၊ ၂၈ ရက်တွင်အကြိမ် (၂၀)မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (20thSOMSWD + 3 Meeting)နှင့် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်းအားလုံး အကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN-NIEA) တို့ကိုလည်းကောင်း၊ ၂၉ ရက်တွင် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development-AMMSWD)နှင့် (၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ ဝန်ကြီးများအဆင့် အစည်းအဝေး (8th AMMSWD+3 Meeting) တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။



ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား လက်မှတ် ရေးထိုးထားသည့် လုပ်ငန်းစီမံချက်အရ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပေးအပ်ခဲ့မှု၊ အဆိုပါလုပ်ငန်းစီမံချက် သက်တမ်းတိုးဆောင်ရွက်ရေး၊ လျောင်ဘေးသင့်ပြည်သူများအတွက် အကူအညီပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော UNFPA ဝန်ထမ်းများ၏ ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်း ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးဓာတ်ပုံအသင်း အမှုဆောင်သစ် ရွေးချယ်တင်မြှောက်မည်

မန္တလေး ဩဂုတ် ၂၆

မန္တလေးဓာတ်ပုံအသင်း နာယကများဖြစ်သော ဦးထွန်းမြင့်၊ ဦးကျော်အောင်(ပေါက်ခေါင်း)၊ ဦးဇေမောင်သိန်း(ဘူမိ)၊ ဦးကျော်ဝင်း(လှဂုဏ်ရည်)၊ ဦးစောအောင်မင်း(နယူးအာရှ)၊ ဦးသိန်းဌေးမောင်(ဆွေလှသိန်း)တို့မှ အလုပ်အမှုဆောင်အဖွဲ့ ဂျူလိုင်ကျော်(ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များကို ဘုရားကြီးသာသနာ (၂၅၀၀)ဝင်းရှိ ယူနီစန်လက်ဖက်ရည်ဆိုင်တွင် ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံပွဲတွင် အများသဘောတူ ဆုံးဖြတ်ချက်အရ လက်ရှိအမှုဆောင်ဟောင်းများကို ပယ်ဖျက်ပြီး ၂၀၂၅-၂၀၂၆ ခုနှစ် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ရန် သဘောတူဆုံးဖြတ်ကြသည်။

ထို့နောက် အမှုဆောင်သစ် ၂၀၂၅-၂၀၂၆ ခုနှစ် တင်သွင်းလွှာ ဦးသိန်းဌေးမောင်(ဆွေလှသိန်း) နာယကထံတွင် စက်တင်ဘာ ၅ ရက် နောက်ဆုံးထား၍ တင်သွင်းကြရန် ဖုန်း ၀၉-၇၉၇၁၉၂၆၂၅ သို့ ဆက်သွယ်မေးမြန်း တင်သွင်းနိုင်ပါကြောင်း သိရသည်။

(၀၄၁)

၀-၀-၀-၀-၀

ပန်းမန်သစ်ပင်၊
လေသန့်စင်၍၊
ဥယျာဉ်တောတန်း၊
စိတ်ရွှင်လန်း၏။

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားပြီး မန္တလေး-လားရှိုး ရထားလမ်းပေါ်၌တည်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် အဖွဲ့အစည်းအသီးသီးကလည်း အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို ဩဂုတ် ၂၅ ရက်မှစ၍ ထုတ်ပြန်ခဲ့ကြသည်။

ယနေ့တွင်လည်း မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့တို့က TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်ကြသည်။ အဆိုပါထုတ်ပြန်ချက်များတွင် အများပြည်သူခရီးသွားလာရေးနှင့် ကုန်သည်များ ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါပြီး ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သည့်သမိုင်းဝင်အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ ရက်စက်ယုတ်မာစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဖော်ပြထားကြသည်။

ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း၊ တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့်တံတား၏ ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြားလာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး-လားရှိုးရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်၍ ထိုကဲ့သို့ ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်မှုအား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့်ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း**

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းအမွေအနှစ် အမှတ်အသားတစ်ခုဖြစ်သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝင်အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူခရီးသွားလာရေး၊ ကုန်သည်ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါသည့် ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားအား ရက်စက်ယုတ်မာမိုက်မဲစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူနိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ မိမိတို့ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ကျောင်းသားကျောင်းသူ ၆၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၇၁၂ ဦးအေးချမ်းပျော်ရွှင်စွာတက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၀ တို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၉ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**



## (MCCT) အသိပညာပေးသင်တန်း ဖွင့်လှစ်

**မိုင်းကိုင် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးငယ်များအား ငွေကြေးထောက်ပံ့မှု အစီအစဉ် (MCCT) အသိပညာပေး သင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးက အမှာစကားပြောကြားပြီးနောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မျိုးသရဖီဇော်က လူမှုကာကွယ်ရေးအစီအစဉ်များကို ဆွေးနွေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခမ်းလိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးတို့က အသိပညာပေး ဆွေးနွေးပို့ချခဲ့ရာ တက်ရောက်လာသည့် လူမှုရေးအသင်းအဖွဲ့များ၊ အရန်သားဖွားဆရာမများနှင့် ကိုယ်ဝန်ဆောင်မိခင်များက မိမိတို့သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ ဆန်းစစ်ချက်များ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မှ ပြည်သူများအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်



လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

တောင်ကြီး ဩဂုတ် ၂၆

ကယားပြည်နယ် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုခရီးစဉ်၌ လိုက်ပါလာကြသော အနုပညာရှင်များ အနေဖြင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေစေရန်အတွက် ဖျော်ဖြေ တင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးကို တွေ့ဆုံနှုတ်ဆက်ပြီး စိတ်အပန်းပြေစေရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်ရန် ဖျော်ဖြေတင်ဆက်ပေးလိုသော်လည်း လာရောက်နိုင်သော တပ်ဖွဲ့ဝင်များကိုသာ ပြန်လည်မထွက်ခွာမီ ဂုဏ်ပြုဖျော်ဖြေတင်ဆက်နိုင်ခြင်းဖြစ်ပါကြောင်း။

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာအောင် စွန့်လွှတ်စွန့်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မှုနှင့်အတူ ကယားပြည်နယ်အစိုးရ၏ စီမံမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံ ဆောက်လုပ်နိုင်မှုတို့ကြောင့် လွိုင်ကော်မြို့သည် အချိန်တိုအတွင်း တိုးတက်ပြီးစီးကာ သန့်ရှင်းသာယာလှပမှုများကို မြင်တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူချစ်သော အနုပညာရှင်များ ဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက စုပေါင်း၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်ဖွဲ့ဝင်များက ပျော်ရွှင်စွာအတူတကွ လိုက်ပါသီဆိုကခုန် အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ်မှ မိသားစုများ၊ တောင်ကြီးမြို့ရှိ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ဖျော်ဖြေပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရှမ်းအကနှင့် ပအိုဝ်းအကတို့ဖြင့် စုပေါင်းဖျော်ဖြေပြီး အနုပညာရှင် အကယ်ဒမီ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုထက်လှိုင်၊ ဂျူဝဲလ်၊ သဉ္ဇာမြင့်မိုရ်၊ ယဉ်လတ်၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက အငြိမ့်ကပြမှု အပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် T-2 အစုံ ၅၀ ကို လည်းကောင်း၊ ရှမ်းတောင်ပရဟိတ ညီနောင်များအဖွဲ့အတွက် MRTV DTH စလောင်းအစုံ ၅၀ နှင့် T-2 ၅၀ ကို လည်းကောင်း၊ Forever Group ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းအောင်က ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းတောင်ပရဟိတ ညီနောင်များအဖွဲ့အတွက် Canal+ DTH စလောင်းအစုံ ၅၀ စီဖြင့် စုစုပေါင်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက MRTV DTH စလောင်း ၁၀ စုံနှင့် T-2 Set top Box အစုံ ၂၀ တို့အား တက်ရောက်လာသူများအတွက် ကံစမ်းမဲဖောက်ပေးပြီး မဲပေါက်သူများကို တစ်ဆက်တည်း လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များနှင့် တက်ရောက်လာကြသူများ စုပေါင်း၍ တေးသီချင်းများ သီဆိုကခုန်ကာ ပျော်ရွှင်စွာဖြင့် ဖျော်ဖြေပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



တေးသံရှင် ဂျူဝဲလ် တောင်ကြီးမြို့၌ ဖျော်ဖြေတင်ဆက်စဉ်။

# တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် မီဒီယာများတွေ့ဆုံဆွေးနွေး



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲ (တတိယသုံးလပတ် မြန်မာ - တရုတ် မီဒီယာတွေ့ဆုံပွဲ)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား၊ မြန်မာနိုင်ငံ အခြေစိုက် တရုတ်သတင်းဌာနများ၊ မြန်မာ - တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ “ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်သို့ တရုတ်ခရီးရှည် ချီတက်တပ် ဝင်ရောက်တိုက်ခိုက်ရေး၏ အနက်အဓိပ္ပာယ်” Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားက ယခုမီဒီယာ တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံများ၊ ပြည်သူများနှင့်အတူ သမိုင်းကြောင်းကို မမေ့မလျော့ဘဲ အနာဂတ်ကောင်းတစ်ခု အတူတူဖန်တီးနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့် ပဋိပက္ခများနှင့် စစ်ပွဲများရှောင်ရှားလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်နှင့်အညီ ငြိမ်းချမ်းရေးကို တန်ဖိုးထားဦးတည်ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ အေးချမ်းသာယာမှုများနှင့်အတူ အနာဂတ်ကာလတွင် အိမ်နီးချင်းကောင်းပီသစွာ ရပ်တည်နေထိုင်သွားကြပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများက နှစ်နိုင်ငံဒေသအတွင်း အနာဂတ်ငြိမ်းချမ်းရေးအသိုက်အဝန်း အတူတကွ ဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ

၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်
- (က) အဆင့်မြင့်ပညာအဆင့်
- (ခ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
- (ဂ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ

**(က) အဆိုပြိုင်ပွဲ**
- (၁) မဟာဂီတ(အဆင့်အားလုံး)၊
- (၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)
- (၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)

**(ခ) အကပြိုင်ပွဲ**
- (၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
- (၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး
 ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ် အတွင်းအဆင့်)
- (၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊
 ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)
- (၄) တနင်္သာရီတိုင်းဒေသကြီး၏ ရိုးရာအကပြိုင်ပွဲ(၁၆-ဦး)

**(ဂ) အရေးပြိုင်ပွဲ**
- (၁) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
- (၂) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း) အဆင့်(အမျိုးသား/ အမျိုးသမီး)

**(ဃ) အတီးပြိုင်ပွဲ**
- (၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၄) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
- (၈) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း
- (၉) ဆိုင်းဝိုင်းကြီး- အဖွဲ့လိုက်(အမျိုးသား - ၈ ဦး၊ အဖွဲ့လိုက် အမျိုးသမီး ၈ ဦး)
- (၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)
- (၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)
- (၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)
- (၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် အဆင့်မြင့်ပညာအဆင့်နှင့်အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

### (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်အမျိုးသား/အမျိုးသမီး**
- (က) သာဆန်းရဂုံဘွေ (ပတ်ပျိုး)
- (ခ) ပပဝင်းဝင်း (ပတ်ပျိုး)
- (ဂ) မန္တလာဘုံ (ဘွဲ့)
- (ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် အမျိုးသား/အမျိုးသမီး**
- (က) ကြောက်ဖွယ်ဘုန်းတန်း (ကြိုး)
- (ခ) ဆင့်ရရင့်ငယ်လေ (ပတ်ပျိုး)
- (ဂ) ရန်တကာအောင် (ဘွဲ့)
- (ဃ) လေပြေဆော်သွင်းမြူး (ယိုးဒယား)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် အမျိုးသား/အမျိုးသမီး**
- (က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
- (ခ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)
- (ဂ) တောဟောက်လယ် (ယိုးဒယား)
- (ဃ) ပြောင် ပြောင် ပြောင်နဂါန် (ကြိုး)

### "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်(အမျိုးသား)**
- (က) ဗျောသံ (ဥက္ကလာမောင် )
- (ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့် )
- (ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ )
- (ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ် )

၂။ **အဆင့်မြင့်(အမျိုးသမီး)**
- (က) မြညှင်းလေပြေ (မအေးမိ)
- (ခ) အတုအယောင် (ဌေးဌေးမြင့် )
- (ဂ) မြသဝန်ကြောင် (လေဘာတီမြရင် )
- (ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

၃။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
- (က) ကောက်ရိပ်ချိန် (မောင်ပွကြီး)
- (ခ) မြတ်ဒေသနာ (သထုံဘသိန်း)
- (ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
- (ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်)

၄။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**
- (က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)
- (ခ) ပေဟမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
- (ဂ) ပါရမီတော် (တင်တင်မြ)
- (ဃ) အနန္တငါးဖြာ (မေစိန်)

၅။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
- (က) မမေ့သောအညာ (သန်းထွန်းလေး)
- (ခ) ရှင်သီဝလိ (ပြည်လှဖေ)
- (ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
- (ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

၆။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)**
- (က) သီတာရတနာ (ဒေါ်ကြည်အောင်)
- (ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
- (ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
- (ဃ) ဒိုးကလေး (ညွန့်ညွန့်စိန်)

### "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
- (က) ကျေးရွာဝါဒ (ကိုအုံကြီး )
- (ခ) မဟာ (ဇော်ဝင်းထွဋ်)
- (ဂ) ကျွန်ုပ်တို့ မြန်မာပြည် (ထူးအယ်လင်း)
- (ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

၂။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
- (က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
- (ခ) ထာဝရငြိမ်းချမ်းရေး (မေဆွိ)
- (ဂ) တဘာသာအလှ (ငြိမ်းငြိမ်းအိ)
- (ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

### "စောင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) အိုသာတင့်ဆုံး (ယိုးဒယား)
- (ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ပြောင် ပြောင် ပြောင် နဂါန် (ကြိုး)
- (ခ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ကန္တာလေတောခြေ (ယိုးဒယား)
- (ခ) ရှုတိုင်းသာစွ (ကြိုး)
- (ဂ) စောင်းတော်သိင်္ဂါ (ကြိုး)

### "စန္ဒရား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ခ) နက်ဖြန်သို့မဟုတ်ဘယ်သောခါ (ကာလပေါ်)ထား(Key-G)
- (ဂ) ပန်းဟေဝန် (ယိုးဒယား)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ဖြေလျှော့ခွေ (ပတ်ပျိုး)
- (ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-E♭)
- (ဂ) အင်ကြင်းသရဖီ (ယိုးဒယား)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) ညအတွေး (ကာလပေါ်)မာမာအေး (Key-G)

### "ပတ္တလား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) လူမနေ့ာ (ပတ်ပျိုး)
- (ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဂ) မှန်ညောင်သဉ္ဇာ (ဝတ်တော်ရှုံ)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ညဦးသုံးယံခါ (ပတ်ပျိုး)
- (ခ) ထိပ်တင်ဇေကံ (ဝတ်တော်သိမ်း)
- (ဂ) သောင်းသောင်းညံ (ယိုးဒယား)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) သီလာမြေယံ (ကြိုး)
- (ခ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

### "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
- (က) သီလာမြေယံ (ကြိုး)
- (ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- (ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာသြဘာဘွဲ့)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
- (က) စံရာတောင်ကျွန်း (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

### "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
- (က) ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
- (က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- (ခ) မှန်ညောင်သဉ္ဇာ (ဝတ်တော်ရှုံဘွဲ့)
- (ဂ) မင်းလမ်းစပ်ကာ (ကြိုး)

### "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
- (ခ) မြိုင်ကြီးဟေမာ (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မဟာဇနက္က (ကာလပေါ်)
- (ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) တိမ်တမန် (ကာလပေါ်)
- (ဂ) ဝေဘာဂီရိ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (ပထမအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်ပွဲနိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (ပထမအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲများ၌ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲအဆင့်နေရာတိုင်းတွင် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးလျှင်ကြီးကြောင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အင်အားပြည့်ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး၊ ယခင်နှစ်ထက် အောင်မြင်မှုနှင့် ဆုတံဆိပ်များ ပိုမိုတိုးတက်ရရှိအောင် ဖွဲ့၊ လှုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲများ၌ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲအဆင့်နေရာတိုင်းတွင် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲများနှင့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်၊ အသက်(၁၅)နှစ်မှ (၂၀)နှစ် ပြိုင်ပွဲများ၊ ကဗျာလွတ်အကပြိုင်ပွဲနှင့် အလွတ်တန်းအဆင့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အရည်အချင်းပြည့်မီသူပြိုင်ပွဲဝင်များ စိစစ်ရွေးချယ်သွားနိုင်ရေး၊ စခန်းသွင်းလေ့ကျင့်သွားနိုင်ရေး၊ လုပ်ငန်းကဏ္ဍအလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဈေးဆိုင်များ စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဈေးဆိုင်များ စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဆိုင်များ စနစ်တကျရှိစေရေး ဆောင်ရွက်သွားမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ယာဉ်အသွားအလာရှုပ်ထွေးမှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လမ်းမဇရီယာများပေါ်၊ ပလက်ဖောင်းများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ခင်းကျင်းရောင်းချနေမှုများကို တားမြစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အိမ်ဆိုင်များမှာလည်း အိမ်ရှေ့မြောင်းပေါ်၊ ပလက်ဖောင်းပေါ်တို့တွင် ပစ္စည်းများ စုပုံခင်းကျင်းရောင်းချခြင်းများကို မပြုလုပ်ရန် အသိပေးစာများပေးပို့ခြင်း၊ သတ်မှတ်ကာလတစ်ခုအတွင်း အသိပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူဦးရေတိုးမြင့်လာသည်နှင့်အမျှ စားသုံးသူလိုအပ်ချက်များရှိလာပြီး ရောင်းချသည့်ဆိုင်များလည်း တိုးလာသည့်အတွက် ဈေးဆိုင်များ စနစ်တကျရှိစေရန်၊ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် စီမံချက်များချမှတ်၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း အဂတိတရားကင်းရှင်းစွာဖြင့် ရေတို၊ရေရှည် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ဆက်စပ်ဌာနများအချင်းချင်းချိတ်ဆက်ကာ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တော် သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည် ရည်ရွယ်ချက်ချမှတ်၍ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဆိုင်များ စနစ်တကျရှိစေရေး စီမံချက်များချမှတ်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်စေရန်အတွက် အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးသရုပ်ပြသခြင်း ဆောင်ရွက်

**ရပ်စောက် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ပြည်သူများ အနေဖြင့် ဆန္ဒမဲပေးရာ၌ တိကျမှန်ကန် မြန်ဆန်စွာဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး သရုပ်ပြသခြင်းကို ဇော်ဂျီရပ်ကွက်နှင့် မြို့ဦးရပ်ကွက်ရှိ ဓမ္မာရုံ၌ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးနိုင်းအွမ်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကို အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများမရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ တိကျသောမဲရလဒ်များ ရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာကြေညာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး သရုပ်ပြသခြင်းကို ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရပ်စောက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၆၈)**






# ပရီးမီးယားလိဂ်တွင် ဂိုးသွင်းနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ငိုမူဟာ မှတ်တမ်းဝင်



**လန်ဒန် ဩဂုတ် ၂၆**

လီဗာပူးအသင်း လူငယ်တိုက်စစ်မှူး ငိုမူဟာ (အသက် ၁၆နှစ်)သည် အသင်းနှင့်အတူ ပထမဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲတွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လီဗာပူးအသင်းက နယူးကာဆယ်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး တစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ငိုမူဟာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

ငိုမူဟာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ပုံမှန် ပွဲထွက်ခွင့်ရအောင်ကြိုးစားပြီး သွင်းဂိုးတွေ ဆက်လက်သွင်းယူသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

# ပါနာသီနာကိုစ့်အသင်း ရီနာတိုဆန်းချက်စ်အား အငှားဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၆**

ဂရိကလပ် ပါနာသီနာကိုစ့်အသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်စ်အား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက် ၂၈နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပါနာသီနာကိုစ့်အသင်းတွင် ကျောနံပါတ် (၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ ဘင်ဖီကာအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၁ ပွဲကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပါနာသီနာကိုစ့်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပါနာသီနာကိုစ့်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင်



ကစားသမားအသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် တိုက်စစ်မှူး ဟိန်းထက်အောင် နှစ်ဦးသဘောတူလမ်းခွဲ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခေါ်ယူထားခဲ့သည့် မြန်မာ့လက်ရွေးစင်နှင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်မှူး ဟိန်းထက်အောင်တို့ နှစ်ဦးသဘောတူလမ်းခွဲလိုက်ပြီ ဖြစ်သည်။

မလေးရှားကလပ် Kelantan သည် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် ကစားသမားအင်အားဖြည့်မှုအဖြစ် ဟိန်းထက်အောင်အား ကမ်းလှမ်းလာခဲ့ခြင်း ဖြစ်သည်။

ကစားသမားအောင်မြင်တိုးတက်ရေးအတွက် အမြဲကြည့်ရှုသည့် ရန်ကုန်ယူနိုက်တက်အသင်း




သည် ဟိန်းထက်အောင်၏ ကစားသမားဘဝ ပိုမိုကောင်းမွန်ရေးနှင့် အခွင့်အလမ်းကောင်းများ ရရှိစေရန်အတွက် လမ်းခွဲပေးလိုက်ခြင်း ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

# ကော်နာဂယ်လာဂါအား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**မက်ဒရစ် ဩဂုတ် ၂၆**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၂ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်



အသင်းကလည်း ကော်နာဂယ်လာဂါအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းထံမှ ကော်နာဂယ်လာဂါအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အော်ဒီဂတ်ပခုံးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည် ဖြစ်သည်။
* ဘီဆစ်တပ်စ်အသင်းသည် ချဲလ်ဆီးအသင်းတောင်ပံကစားသမား စတာလင်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* နယူးကာဆယ်အသင်းသည် အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ဖရတ်တက်ဆီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

# တိုင်လာဒစ်ဘလင်အား အဲဗာတန်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၆**

အဲဗာတန်အသင်းသည် ဆောက်သမ်တန်အသင်း တောင်ပံကစားသမား တိုင်လာဒစ်ဘလင်အား စတာလင်ပေါင် ၃၅သန်း+အပိုဆုကြေး ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၁၉ နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား တိုင်လာဒစ်ဘလင်သည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ ပွဲကစားခဲ့ပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အဲဗာတန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ) (NGB)**



# 2025 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁ ရက်တွင် စတင်မည်

**လန်ဒန် ဩဂုတ် ၂၆**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။



အဆိုပါ 2025 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိ ချန်ပီယံမှာ ရိုမေးနီးယားတင်းနစ်မယ် Irina-Camelia Begu ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(စတုတ္ထအဆင့်-ဒုတိယအကျော့)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပကျော့ရလဒ် |
|---|---|---|---|
| ၂၇-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည ၁၁း၁၅ နာရီ | ကာရာဘတ် (အဇာဘိုင်ဂျန်) - ဖီရန်ဘားရို့စ် (ဟန်ဂေရီ) | ဖီရန်ဘားရို့စ် ၁-၃ ကာရာဘတ် |
| ၂၈-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | ဘင်ဖီကာ (ပေါ်တူဂီ) - ဖီနာဘာချီ (တူကီယဲ) | ဖီနာဘာချီ ၀-၀ ဘင်ဖီကာ |
| ။ | ။ | ဘရုဂျက် (ဘယ်လ်ဂျီယံ) - ရိန်းဂျားစ် (စကော့တလန်) | ရိန်းဂျားစ် ၁-၃ ဘရုဂျက် |
| ။ | ။ | ကိုပင်ဟေဂင် (ဒိန်းမတ်) - ဘေဆယ်လ် (ဆွစ်ဇာလန်) | ဘေဆယ်လ် ၁-၁ ကိုပင်ဟေဂင် |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) ပွဲကြို နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၈-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | (၁၅) ဆဲလ်တာဗီဂို (L,D) - ဘက်တစ် (၇) (D,W) | ဆဲလ်တာဗီဂို ၃-၂ ဘက်တစ်<br>ဘက်တစ် ၂-၂ ဆဲလ်တာဗီဂို |

## အင်္ဂလိပ် ကာရာဘောင်း လိဂ်ဖလား ဘောလုံးပြိုင်ပွဲ (ဒုတိယအဆင့်) ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၈-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၁း၁၅နာရီ | အဲဗာတန်(ပရီးမီးယား-၈) - မန်စီးလ်(လိဂ်I-၉) |
| ။ | ။ | ဖူလ်ဟမ်(ပရီးမီးယား-၁၃) - ဘရစ္စတိုးစီးတီး(ချန်ပီယံရှစ်-၉) |
| ။ | ။ | အောက်စ်ဖို့ဒ်(ချန်ပီယံရှစ်-၂၃) - ဘရိုက်တန်(ပရီးမီးယား-၁၀) |
| ။ | နံနက်၀၁း၃၀နာရီ | ဂရင်စဘီ(လိဂ်II-၄) - မန်ယူ(ပရီးမီးယား-၁၆) |

# တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မကွေး ဩဂုတ် ၂၆

"လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေး မြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီက မကွေးမြို့ အ.ထ.က (၁)အခြေခံပညာအထက်တန်းကျောင်း ပန်းယောဝန်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အ.ထ.က(ခွဲ)ဆားစည်မှ ကျောင်းသား၊ကျောင်းသူများက "အဓိကမျှော်တွေး ကျန်းမာရေး" အဖွင့်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် Video Clip ကို ပြသခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် (အထက်တန်းအဆင့်) ဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်က အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ က စုံအောင်စားကြစို့၊ လက်ဆေးကြပါစို့၊ တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာခြင်း သီချင်းများဖြင့် တေးသရုပ်ဖော် တင်ဆက်ခဲ့ကြသည်။ထို့နောက် တေးသရုပ်ဖော် တင်ဆက်ပြသခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုငွေနှင့် အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အခြေခံပညာကျောင်းများမှ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု မှတ်တမ်းများ၊ ကျောင်းကျန်းမာရေးဆောင်ရွက်ပေးနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ် နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၇ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲစင်းငုံစိုက်ခင်းများ ပိုးမွှားကျရောက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကျွန်းလှ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီ စိုက်ပျိုးခဲ့သော ပဲစင်းငုံစိုက်ခင်းများ ပိုးမွှားကျရောက်မှု ရှိ၊ မရှိ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ဒီနှစ် မိုးရာသီမှာ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် ပဲစင်းငုံနဲ့ ပဲတီစိမ်း သီးနှံများ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံသီးနှံကို မြေပဲ၊ ပြောင်းတို့နဲ့ သီးညှပ်စိုက်ပျိုးသလို သီးသန့်လည်း စိုက်ပျိုးကြပါတယ်။ အခုအခါ ပဲစင်းငုံ စိုက်ခင်းများမှာ ပန်းပွင့်ချိန် ပိုးမွှားကျရောက်တတ်တဲ့အတွက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၄ ဧက၊ ပဲတီစိမ်း ၅၄၁၆ ဧက၊ စုစုပေါင်း ၁၆၉၆၀ ဧက (၁၀၀ ဒသမ ၀၄) ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**(၄၈၀)**


## ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာ တင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့် နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည် ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၅-ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့မှ(၁၉)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၈-၂၀၂၅)



## ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၆**

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း (ယန္တရား)တွင် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ကျောင်းကောင်စီဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမရပူရခရိုင် ပညာရေးမှူး ဒေါ်ထုလွှမ်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ထားထား စိန်တို့က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာမြင့်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးရေးကို ရှေးရှု၍ ယခုလို အားကစားပွဲများကို ကျင်းပရခြင်း ဖြစ်ကြောင်း မှဒိတာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ကျောင်းသူလေးများက မြန်မာအားကစား ကမ္ဘာကိုလွှမ်းရမည်နှင့် ထာဝရသစ္စာသီချင်းတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။ ပြိုင်ပွဲဝင်အသင်းငါးသင်းမှ ဘောလုံးအားကစားသမားများက Fitness Dance သီချင်းဖြင့် ဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက ဆုရအသင်းများနှင့် အကောင်းဆုံးဘောလုံးသမားဆုများကို ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ပထမဆုရအလောင်းဘုရားအသင်းအား ပထမဆုဒိုင်းကြီးနှင့် ဆုကြေးငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဇေ)

## ဗီယက်နမ်နိုင်ငံကို ကျော်ဖြတ်တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအလိုက် မိုးထစ်ချုန်း ရွာနိုင်

**မန္တလေး ဩဂုတ် ၂၆**



ဗီယက်နမ်နိုင်ငံကို ဖြတ်ကျော်တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းသည် ယနေ့တွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားပျော့သွားပြီး ၎င်းအရှိန်ကြောင့် မြန်မာပြည်တွင်း၌ ဩဂုတ် ၂၉ ရက်အတွင်း မိုးထစ်ချုန်းရွာနိုင်ကာ မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုး/ဇလ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မုန်တိုင်းသည် မြန်မာပြည်တွင်းသို့ ရောက်ရှိလာစဉ် လေတိုက်ခတ်ခြင်းထက် ရေခိုးရေငွေ့ပါသော မိုးတိမ်တောင်ကြီးများဖြစ်ပေါ်စေပြီး မိုးရွာသွန်းမှုကို ဖြစ်စေနိုင်သည်ဟု မိုး/ဇလညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ - မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"လာမယ့် နှစ်ရက်လောက်မှာ ကုန်းတွင်းလေပွေလှိုင်းအနေအထားနဲ့ အနောက်မြောက်ဘက်ကို ရွေ့လျားပြီး အရှေ့ဘက်က တိုင်ဖွန်းမုန်တိုင်းအကြွင်းအကျန်တွေက အနောက်ဘက်ကို ရွေ့လျားတဲ့ အခြေအနေတွေကြောင့် မန္တလေးတိုင်းဒေသကြီးမှာ နေရာကွက်ပြီးသော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်တယ်။ နောက်ဆက်တွဲအဖြစ် လျှပ်တပြက်ရေကြီးမှု၊ မြေပြိုမှုတွေ ဖြစ်ပေါ်နိုင်လို့ ဂရုပြုကြဖို့ လိုပါတယ်"ဟု ၎င်းက ပြောသည်။

မုန်တိုင်းအကြွင်းအကျန်များက အားကောင်းသော မိုးတိမ်တောင်တွေဖြစ်ပေါ်ပြီး ကုန်းတွင်းပိုင်း၌ အများဆုံး ၁၂ နာရီအတွင်း မုန်တိုင်းအသွင်ရှိနိုင်သော်လည်း နောက်ပိုင်းတွင် အားပျော့သွားနိုင်ကြောင်း၊ မြေပြင်တွင် လေတိုက်မှုပုံစံက သိသာသောအနေအထား မရှိနိုင်ဘဲ မြေပြင်မှ အထက်ပေ ၁၅၀၀၀ လောက်တွင်း၌ လေဝဲများက အနောက်ဘက်ရွေ့လျားစဉ် တောတောင်ထူထပ်ရာဒေသများတွင် လေပင့်တင်အားကောင်းပြီး ပုံမှန်ထက်ကြီးသော မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

"ဘင်္ဂလားပင်လယ်အော်မှာ အနောက်တောင်မုတ်သုံလေအားကောင်းလာနိုင်ပြီး အညာဒေသတွေဆီ ရေခိုးရေငွေ့တွေအများကြီးသယ်ဆောင်လာတဲ့အတွက် မိုးသည်းထန်နိုင်သလို နောက်ဆက်တွဲမှာ ရေကြီးတာတွေ ဖြစ်ပေါ်တတ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ ပြင်ဦးလွင်၊ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်း စသည့် ဒေသများတွင် မိုးရေချိန် ၂ လက်မမှ ၃ လက်မခန့်အထိလည်းကောင်း၊ မိတ္ထီလာတွင် ဩဂုတ် ၂၇ ရက်၌ မိုးရေချိန် ၇ လက်မခန့်အထိ ရွာသွန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မန္တလေးနေ့စဉ်(၉)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

သင့်
ကျန်းမာရေးအတွက်
နေ့စဉ်
လမ်းလျှောက်ပါ။



## မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးမှုအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ် (MEVM)မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးမှုသရုပ်ပြခြင်းများကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၃နာရီခွဲက စံပြရပ်ကွက်၊ အောင်ဇမ္ဗူလမ်းရှိ မဟာဗောဓိမ္မာရုံတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က မိတ်ဆက်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်နှင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေ ပြည်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ရပ်ကွက်နေပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို စိတ်ပါဝင်စားစွာ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။

၎င်းနောက် မြို့နယ်ရွေးကောက်ပွဲအရာရှိက Printer မှ ထွက်ရှိလာသည့်စာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို သရုပ်ပြသဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် ဝန်ထမ်းများ၊ ကြီးကြပ်ရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ၊ စုစုပေါင်း ၈၃ ဦး တက်ရောက်ခဲ့ကြသည်။

ထို့အပြင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အနေဖြင့် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲ ကြီးကြပ်ရေးအဖွဲ့ဝင် ဌာနဆိုင်ရာများနှင့်အတူ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ယနေ့မှစ၍ ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်သည်။

(၄၅၆)

## မိုးရာသီအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပူတာအို ဩဂုတ် ၂၆**

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ၂၀၂၅ ခုနှစ် ပူတာအိုခရိုင်တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား မိုးရာသီအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင် ပြည်သူ့အားကစားကွင်း၌ ပြုလုပ်သည်။

ဗိုလ်လုပွဲ တက်ရောက်လာသည့် ပန်းလှိုင်းရပ်ကွက် ဘောလုံးအသင်းနှင့် မန်စေခွန်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပန်းလှိုင်းရပ်ကွက်ဘောလုံးအသင်းက ပယ်နတီအဆုံးအဖြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ရဲဟိန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသန်းထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောနွဲ့တင်လှနှင့် အဖွဲ့ဝင်များက အ·ထ·က(ပူတာအို)ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကအဖွဲ့၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ရှေ့တန်းအလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆု၊ နှစ်သိမ့်ဆုရရှိသော မန်ပန်ကျေးရွာဘောလုံးအသင်း၊ တတိယဆုရရှိသော လန်းနိုကျေးရွာ ဘောလုံးအသင်း၊ ဒုတိယဆုရရှိသော မန်စေခွန်ကျေးရွာ ဘောလုံးအသင်းနှင့် ပထမဆုရရှိသော ပန်းလှိုင်းရပ်ကွက်ဘောလုံးအသင်းတို့အား ပထမတံခွန်စိုက်ဒိုင်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် လည်ဆွဲတံဆိပ်များ၊ ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်ခရီးသွားများသည် တစ်ဦးချင်းစီအတွက် သီးသန့်ဖြစ်ပြီး အရည်အသွေးမြင့် ခရီးသွားအတွေ့အကြုံများကို ပိုမိုနှစ်သက်လာ




**ပေကျင်း ဩဂုတ် ၂၆**

တရုတ်နိုင်ငံ၏ အလယ်အလတ်ဝင်ငွေရှိသူ လူတန်းစားများ လျင်မြန်စွာ တိုးတက်လာမှုနှင့် နိုင်ငံတကာခရီးသွားလာမှုအတွက် လိုအပ်ချက်များ မြင့်တက်လာမှုကြောင့် တရုတ်ခရီးသွားများသည် တစ်ဦးချင်းစီအတွက် သီးသန့်ဖြစ်ပြီး အရည်အသွေးမြင့်မားသည့် ခရီးသွားအတွေ့အကြုံများကို ပိုမိုနှစ်သက်လာသည်ဟု ကမ္ဘာ့ထိပ်တန်း ဗီဇာလျှောက်လွှာပြင်ပမှ ဝန်ဆောင်မှုပေးနေသည့် ဗွီအက်ဖ်အက်စ်ဂလိုဘယ်က အစီရင်ခံကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ခရီးသွားအစီအစဉ် ညှိနှိုင်းနိုင်သည့် အဆင့်မြင့်အဖွဲ့လိုက်ခရီးစဉ်များကို တရုတ်ခရီးသွားများက ပို၍နှစ်သက်လာကြကြောင်းနှင့် သက်ကြီးရွယ်အိုများကြားတွင် ဥရောပသို့ ခရီးရှည်သွားလာလိုသည့် လိုအပ်ချက်များ မြင့်တက်လာကြောင်း ယင်းဌာန၏ တရုတ်နှင့် မွန်ဂိုလီးယားဌာနဆိုင်ရာ အကြီးအကဲ ကီရှင်ဆင်းက ရှင်းလင်းပြောကြားသည်။

ထိုအတောအတွင်း နွေရာသီကာလတွင် မိသားစုလိုက်သွားရောက်နိုင်သည့် ခရီးစဉ်များနှင့် ပညာရေးဆိုင်ရာ ခရီးစဉ်များအတွက် လိုအပ်ချက်များ သိသိသာသာ မြင့်တက်လာပြီး တစ်ဦးချင်းစီအတွက် သီးသန့်ထပ်ဆောင်းတန်ဖိုးရှိသည့် ဗီဇာလျှောက်လွှာဝန်ဆောင်မှုများကို တရုတ်နိုင်ငံမှ ပြည်ပသို့ ခရီးသွားသူများကြားတွင် ရေပန်းစားလာကြောင်း ၎င်းက ဆိုသည်။

တရုတ်ခရီးသွားများသည် ခရီးရှည်သွားလာရာ၌ ကနေဒါ၊ ဂျာမနီ၊ အီတလီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော နေရာဒေသများကို နှစ်ခြိုက်ကြပြီး ခရီးတိုအတွက် ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့တွင် ခရီးသွားလာမှု တိုးတက်လာခဲ့ကြောင်း သိရသည်။

**Mon**

## ပေကျင်းမြို့တော်ရှိ လူးဝစ်ဗွီတန်အက်စပေ့စ်ပန်းချီပြခန်းတွင် ဂျုံးမစ်ချဲလ်နှင့် မယ်ဂန်ရူးနီတို့နှစ်ဦး၏ လက်ရာများ ပြသနေ



**ပေကျင်း ဩဂုတ် ၂၆**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ လူးဝစ်ဗွီတန်အက်စပေ့စ်ပန်းချီပြခန်းတွင် ထင်ရှားကျော်ကြားသည့် ပန်းချီပညာရှင်များဖြစ်ကြသော ဂျုံးမစ်ချဲလ်နှင့် မယ်ဂန်ရူးနီတို့နှစ်ဦး၏ လက်ရာများကို သဘာဝမှပန်းချီကားများခေါင်းစဉ်ဖြင့် ပြသထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ခေတ်ကာလနှစ်ခုမှ ပန်းချီပညာရှင်နှစ်ဦး၏ လက်ရာများသည် နာမည်ကျော် ဒြပ်မဲ့အိတ်ခ်စ်ပရက်စ်ရှင်း ပန်းချီခေတ်ရေစီးကြောင်းအတွက် ဆွေးနွေးမှု တစ်ခုဖြစ်စေခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သူ မစ်ချဲလ်သည် ယင်းဒြပ်မဲ့အိတ်ခ်စ်ပရက်စ်ရှင်း ပန်းချီလှုပ်ရှားမှု၏ အဓိကပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး မိုနေး၊ ဗန်ဂိုး၊ ဆီဇန်းတို့ကဲ့သို့သော ပန်းချီဆရာကြီးများထံမှ လှုံ့ဆော်မှုများ ရယူခဲ့သည်။ ပြင်သစ်နိုင်ငံရှိ စိန်းမြစ်ကမ်းနံဘေးမှ ရှုခင်းများသည် ၎င်း၏ ရင့်ကျက်သည့် လက်ရာများကို လွှမ်းမိုးကာ အရောင်နှင့် အလင်းကို အသုံးပြု၍ စိတ်ခံစားမှုနက်နဲစွာ ဖြစ်ပေါ်လာစေခဲ့သည်။

၁၉၈၅ ခုနှစ်တွင် မွေးဖွားပြီး လန်ဒန်တွင် နေထိုင်သည့် ရူနီမှာမူ ပြောင်းလဲနေသည့် ကြီးမားသော ပန်းချီကားများကို ဖန်တီးသူအဖြစ် လူသိများပြီး ၎င်း၏ လက်ရာများတွင် ဖျော်ဖြေရေးဆိုင်ရာ အစိတ်အပိုင်းများကိုလည်း ထည့်သွင်းလေ့ရှိကြောင်း သိရသည်။ **Mon**

## ခန္ဓာကိုယ်ကို ဖျက်ဆီးစားသောက်သော ကပ်ပါးပိုးဝင်ရောက်မှု အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးအဖြစ် အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်ပြည်ထောင်စုတွင် လူသားတစ်ဦး၌ ခန္ဓာကိုယ်ကို ဖျက်ဆီးစားသောက်သော ကပ်ပါးပိုးဝင်ရောက်မှုနှင့် ပတ်သက်၍ ပထမဆုံးအဖြစ် ယမန်နေ့က အတည်ပြုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ်လဆန်းပိုင်း၌ အတည်ပြုခဲ့သော အင်န်ဒဗလျူအက်စ်ကပ်ပါးပိုးကို အယ်လ်ဆာဗေဒိုမှ အမေရိကန်သို့ ပြန်လာသည့် လူနာတစ်ဦးတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဌာနက ထုတ်ပြန်ကြေညာသည်။

၎င်းသည် ကပ်ပါးပိုးဝင်သော ယင်ကောင်များကြောင့် ဖြစ်ပေါ်လာသည့် ယင်ကောင်သားပေါက်လောင်း ကပ်ပါးပိုးဝင်ရောက်မှုတစ်မျိုးဖြစ်သည်။

အဆိုပါပိုးသည် အဓိကအားဖြင့် မွေးမြူရေးတိရစ္ဆာန်များကို သက်ရောက်မှုရှိပြီး အမေရိကန်ပြည်ထောင်စုရှိ ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်မှာ လက်ရှိတွင် "အလွန်နည်းပါးသည်"ဟု အာဏာပိုင် များက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဗီယက်နမ်နိုင်ငံတွင် ကာဂျီကီမုန်တိုင်းတိုက်ခတ်မှုပြင်းထန် လူသုံးဦးထက်မနည်း သေဆုံး၊ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆို




**ဟနွိုင်း ဩဂုတ် ၂၆**

ဗီယက်နမ်နိုင်ငံတွင် ကာဂျီကီမုန်တိုင်းကြောင့် လူအနည်းဆုံး သုံးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ဩဂုတ် ၂၆ ရက်တွင် အတည်ပြုကာ မိုးသည်းထန်စွာ ရွာသွန်းပါက ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည်ဟုလည်း သတိပေးထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါမုန်တိုင်းကြောင့် နေအိမ် ၇၀၀၀ နီးပါး ပျက်စီးခဲ့ပြီး ဆန်စပါးစိုက်ခင်း ၂၈၀၀၀ ဟက်တာ ရေလွှမ်းမိုးခဲ့ကာ သစ်ပင် ၁၈၀၀၀ လဲပြိုခဲ့သည်ဟု အစိုးရက ထုတ်ပြန်ထားသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား တိုင် ၃၃၁ တိုင် ပြိုလဲခဲ့သဖြင့် ပြည်နယ် ၅ ခုတွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

ကာဂျီကီသည် ဩဂုတ် ၂၅ မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းအလယ်ပိုင်းကမ်းရိုးတန်းသို့ ဝင်ရောက်ပြီးနောက် အားပျော့ကာ အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီး ဩဂုတ် ၂၆ နံနက်ပိုင်းတွင် လာအိုနိုင်ငံသို့ ဖြတ်ကျော်သွားခဲ့ကြောင်း ဗီယက်နမ်အမျိုးသားမိုးလေဝသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများစွာတွင် မိုးဆက်လက်ရွာသွန်းမည်ဖြစ်ပြီး အချို့ဒေသများတွင် ၆ နာရီအတွင်း မိုးရေချိန် ၁၅၀ မီလီမီတာအထိ ရွာသွန်းနိုင်သဖြင့် ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသအေဂျင်စီက သတိပေးထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဆူဒန်နိုင်ငံသို့ ၁၀ လအတွင်း အသက်ကယ်အကူအညီများပါသည့် ကုလသမဂ္ဂအကူအညီပေးရေးယာဉ်တန်း ရောက်ရှိ

**ဂျီနီဗာ ဩဂုတ် ၂၆**

ဆူဒန်နိုင်ငံ ဆော့သ်ကော်ဒိုဖန်ပြည်နယ်ရှိ ဒီးလင်းဒေသသို့ ၁၀ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အသက်ကယ် အကူအညီများပါသည့် ယာဉ်တန်းရောက်ရှိလာကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ဩဂုတ် ၂၅ ရက်တွင် ပြောသည်။

**ဝိုင်းဝန်းပိတ်ဆို့ခံထား**

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ယာဉ်တန်းသည် ပြည်နယ်၏ မြို့တော်ကာဒူဂလီမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။ အဆိုပါ ထောက်ပံ့ကူညီမှုများသည် ဒီးလင်းနှင့် ကာဒူဂလီဒေသတွင် အကူအညီလိုအပ်သူ ၁၂၀၀၀၀ ကျော် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် လူသားချင်းစာနာမှု အကူအညီလိုအပ်မှုမှာ အလွန်ဆိုးရွားသော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ လူပေါင်းများစွာမှာလည်း လပေါင်းများစွာကြာ ဝိုင်းဝန်းပိတ်ဆို့ခံထားရကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ဆူဒန်နိုင်ငံ မြောက်ဒါဖာပြည်နယ်တွင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ မြောက်ဒါဖာပြည်နယ် မီလစ်ခရိုင်တွင် အစာအာဟာရပြတ်လပ်မှုအကျပ်အတည်းနှင့်ပတ်သက်ပြီး အလွန်အမင်းစိုးရိမ်ကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့၏မကြာသေးမီက ကောက်ယူရရှိခဲ့သော စစ်တမ်းတစ်ခုတွင် ကလေးသူငယ်သုံးဦးအနက် တစ်ဦးမှာ အပြင်းအထန် အာဟာရချို့တဲ့မှု ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြထားသည်။

**နောက်ဆက်တွဲ ပြဿနာများ**

ယင်းသို့ ဖြစ်ပွားမှုကြောင့် အသက်ငါးနှစ်အောက် ကလေးသူငယ် ထောင်ပေါင်းများစွာမှာ ပြင်းထန်သော ဖျားနာမှုများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ နောက်ဆက်တွဲ ပြဿနာများနှင့် အသက်သေဆုံးမှုများကို အလျင်အမြန် ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်

**ဇမ္ဗူသီရိ ဩဂုတ် ၂၆**

ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ ပူးပေါင်း၍ အစိုးရစက်မှုလက်မှုကျောင်း၌ မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတိုးလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဇမ္ဗူသီရိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးကျော်လွင်၊ အတွင်းရေးမှူး ဒေါ်မေမဉ္ဇူနှင့် အဖွဲ့ဝင်များ ဇမ္ဗူသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဒေါ်ခင်ခင်လှ၊ မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါ လက်တွေ့စမ်းသပ်သရုပ်ပြရာ၌ မဲဆန္ဒရှင် ပြည်သူများအား MEVM စက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒေါ်မေမဉ္ဇူနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မဲဆန္ဒရှင်ပြည်သူများအား လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြည်သူများ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာနည်းလမ်းများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်တက်စေရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၈နာရီက အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းကို ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မြတ်၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့မကြီးဈေး အတွင်း၊ အပြင်ရှိ ဈေးသည်များနှင့် ဈေးဝယ်လာ ပြည်သူများအား အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်အမှိုက်ဟူ၍ အမှိုက်အမျိုးအစားအလိုက်အရောင်ဖြင့် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

# နယ်လှည့်စာကြည့်တိုက်နှင့် ပြပွဲဆောင်ရွက်

**မကွေး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် အသိပညာပေးပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအား အသိပညာပေးပြောကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်းသိရသည်။

**(ယာပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

> ရောဂါကင်းစင် စိတ်လန်းရွှင်
> အမြင်လည်းလှ သန့်ရှင်းကြ။

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျောင်းတွင်းအာဟာရကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့သည်။



အာဟာရကျွေးမွေးခြင်း ဆောင်ရွက်ရာတွင် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်နှင့် ဆရာ၊ ဆရာမများ ပူးပေါင်းပြီး KG ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရည်သန့်ရှင်းရေး အကြောင်းများ ရှင်းလင်းပြောကြားခဲ့ပြီး စနစ်တကျ လက်ဆေးနည်းများ၊ သွားခံတွင်း သန့်ရှင်းရေးလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်စေခဲ့ပြီး ကုလားပဲ၊ ကြက်ဥ၊ အာဟာရထမင်းများနှင့် ငှက်ပျောသီး ကျွေးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**(ဝဲပုံ)**

**(၄၈၅)**

ပတ်စရော၊ မှတ်စရော
စုံလင်

## အနာဂတ်လမ်း

* ပထမဦးစ မြူးကြွစရာ
လသာ ကြယ်လင်း
ပန်းသင်း မွှေးချို
ငှက်ပျို တေးဆိုလျက် ။

* ဒုတိယ သမုဒယ
ပြုသမျှ ခံစား
သံသရာလမ်းမှာ
အမှောင်ညများ ဖြတ်သန်း
ပင်ပင်ပန်းပန်းပေါ့ ။

* တတိယ အသိရ
ရင်မှာဖြစ်ပွား
သမီးသားဖွံ့နှောင်
လှူဘောင်အေးချမ်း
ဘေးမသန်းဘဲ
အနာဂတ်လမ်းဝယ်
ပန်းတို့ လှိုင်လှိုင်ပွင့်စေသော် ။ ။

**ကျော်ကြီး(ကချင်မြေ)**







## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀



## မီးငြိမ်းသတ်ရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးပညာဆင့်ပွားမျှဝေခြင်းသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက မီးငြိမ်းသတ်ရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးပညာဆင့်ပွားမျှဝေခြင်း သင်တန်းဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲသို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူးဦးဇေကိုကိုပိုင်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူးမြင့်ဇော်၊ တပ်ခွဲ(၃)တပ်ခွဲမှူးမောင်မောင်၊ ဒုတိယတပ်ခွဲမှူးစိန်ငွေး၊ သီရိမာလာအရှေ့ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ စခန်းတာဝန်ခံ အရန်မီးသတ်တပ်ကြပ်ကြီးစိုးပြေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ညောင်ကွဲရပ်ကွက်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အမရဌာနီအနောက်ရပ်ကွက်၊ မေဃဂီရိရပ်ကွက်၊ ဥပုသ်တော်ရပ်ကွက်များမှ တပ်စုမှူးများ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယမီးသတ်ဦးစီးမှူး၊ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူးတို့က အမှာစကားပြောကြားကြပြီး အရန်မီးသတ်တပ်ကြပ်ကြီးက အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၅ ဦးအား မီးသဘောသဘာဝနှင့် မီးအတန်းအစား၊ ရေဂါလန်တွက်ချက်မှု၊ နော်ဇယ်အသုံးပြုမှုနည်းပညာ၊ အသက်ရှူကိရိယာ၊ အခြေခံကြိုးချည်နည်း၊ အထပ်မြင့်ကယ်ဆယ်ရေးပညာ၊ လှေျင်ကယ်ဆယ်ရေးအသုံးပြုရန် တိုင်ထောက်ခြင်း၊ တုံးခုကယ်ဆယ်ရေးသင်ခန်းစာများကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ၁၀ ရက်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လားရှိုးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီက လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကျော်ဇင်ထွေး မောင်းနှင်ပြီး ကျော်ဇင်အေး လိုက်ပါလာသည့် TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၈၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့်



ကျော်ဇင်ထွေး(၂၂)နှစ်နှင့် ကျော်ဇင်အေး(၂၉)နှစ်တို့အား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဂျင်ဝိုင်းလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ညောင်ဦး ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ဂျင်ဝိုင်းလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်အနော်ရထာရပ်ကွက်၊ မြို့ရှောင်လမ်းအနီး တောစပ်၌ ဂျင်ဝိုင်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ပုဂံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေအောင်(၄၁)နှစ်အပါအဝင် အမျိုးသား ၄၁ ဦးနှင့် အမျိုးသမီး ၂၇ ဦးတို့အား ဂျင်ဝိုင်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ စစ်ဆေးတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နေအောင်(ပါ) အမျိုးသား ၄၁ ဦးနှင့် အမျိုးသမီး ၂၇ ဦး တို့ကို ပုဂံနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**မိုးညှင်း ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်နှင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ဝင်၊ ထွက်တိုးဂိတ်အနီး ဟိုပင်-မြစ်ကြီးနားသွားကားလမ်းမပေါ်၌ ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးညှင်းမြို့မှ မိုးကောင်းမြို့ဘက်သို့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နှောင်ကိုင်တော်ရပ်ကွက်နေ မောင်ရီ(ခ)စိုင်းရီလင်း(၄၆)နှစ် မောင်းနှင်လာသော YGN-19/5K-×××× MARK II အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မောင်ရီ(ခ)စိုင်းရီလင်းအား ဟိုပင်နယ်မြေရဲစခန်း၌လည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဆင်စုကျေးရွာနေ ပြည့်ဖြိုးကျော်(၂၅)နှစ် မောင်းနှင်လာသည့် MDY-18/3N-××× AD-VAN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပြည့်ဖြိုးကျော်အား ဘီးလင်းမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီး အရေးယူ

**မန္တလေး ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုတ်ပုလဲကျေးရွာ၊ မြောင်းပေါင်အနီး၌ လမ်းလျှောက်လာသည့် အမရပူရမြို့နယ်၊ ထုံးဘိုတောင်ကျေးရွာနေ ဦး---(၂၇)နှစ်အား အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဦး---အား မြစ်ငယ်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ လွှမ်ချမ်းသာ ●

# စိမ်းမြရောင်ခြယ် အောင်ပင်လယ်

ဖိုးစွံ(အောင်ပင်လယ်)



**'မျက်မှောက်ခေတ် အောင်ပင်လယ်နိဒါန်း'**

၁၉၉၂ ခုနှစ်က စာရေးသူ အောင်ပင်လယ်သို့ ရောက်ရှိခဲ့သည်။ အောင်ပင်လယ်က မြို့ကွက်သစ်တွေ ဖော်ဆောင်ကာစ၊ ထူထောင်ဆဲကာလဖြစ်သည်။ လမ်းတွေက ခုလိုမကောင်းသေးပါ။ မိုးရွာလျှင် စက်ဘီးတွေ နွံထဲနစ်သည်။ စက်ဘီးကို ထမ်းပိုး၍ သွားရသည်လည်းရှိသည်။ သိပ္ပံလမ်းမကြီးကလည်း ယခုကဲ့သို့ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိသေးပါ။ လကမ္ဘာကဲ့သို့ ချိုင့်တွေ ခွက်တွေ ပြည့်နေသည်။ ပေါက်သည့်နေရာက ပေါက်၍ ဝါးလုံးစိုက်ပြီး သတိပေးထားရသည်။ နွေမှာဆိုလျှင်လည်း ဖုန်တထောင်းထောင်းထသည်။ မြို့ထဲက စက်ဘီးဖြင့် ပြန်လာလျှင် ခေါင်းတစ်ခေါင်းလုံး ဖွေးဖွေးဖြူနေတော့သည်။

စာရေးသူ အိမ်ဆောက်နေစဉ် ချယ်ရီကဖေးမှာ ထိုင်ရင်း စာရေးသည်။ နောက်တော့ ပြင်ဦးလွင်ကားလမ်းနံဘေးက မြတာဘက်ကျစေတီရင်ပြင်မှာသွား၍ စာရေး၊ စာဖတ်သည်။ မိတ်ဆွေစာပေသမားများလာလျှင် ဘယ်တော့မှ အိမ်မှာမတွေ့။ ချယ်ရီကဖေးလိုက်လာမှ တွေ့သည်။ မြတာဘက်ကျ ဘုရားလိုက်လာမှ တွေ့ရသည်။ ထိုကာလက အောင်ပင်လယ်သည် စာရေးဆရာ၊ ကဗျာဆရာများ ရောက်ရှိလာကြသည်။

အောင်ပင်လယ်မှာ မန္တလေးမောင်အောင်ခင်ရှိသည်။ ကိုငြိမ်း(မန္တလေး)ရှိသည်။ ပြည့်ဖြိုးသီရှိသည်။ ထွဏ်းသွေးအိမ်ရှိသည်။ ဂန္ထဝင်သီချင်းရေးဆရာကြီး သပြေညို-ကိုလှမောင်ရှိသည်။ ပန်းချီဆရာ-ပန်းပုဆရာ၊ ပန်တျာကျောင်းဆင်း ကိုတောအိမ်တို့ ညီအစ်ကိုရှိသည်။ ပန်းချီညွန့်ဝင်းရှိသည်။ ပန်းချီသိန်းနိုင်(ပန်းမျက်သွယ်)ရှိသည်။

နောက်တော့စာရေးသူမှာ အောင်ပင်လယ်ပေါ်တော်မူကျောင်းတိုက်က ဆရာတော်ကြီးနှစ်ပါးနှင့် အရှင်ရာဇိန္ဒတို့နှင့် သိကျွမ်းခင်မင်ခဲ့သည်။ ကဗျာဆရာ ဦးပဥ္စင်းနန္ဒာထက်လွင်(ခ)အရှင်ဣန္ဒကိယနှင့် ကျွမ်းဝင်လာသည်။ ရန်ကုန်အင်းစိန်အုပ်စုက မောင်ခိုင်မာ၊ နေဝင်းမြင့်၊ မောင်တင်ဆင့်၊ ပန်းချီယဉ်မင်းပိုက် စသူတို့ကို ဦးပဥ္စင်းနန္ဒာထက်လွင်က ဧည့်ခံခဲ့သည်။ ညအိပ်ရန် စီစဉ်ထားသော်လည်း ဆရာညိုထွန်းလူက ကားဖြင့် လာခေါ်သဖြင့် မြို့ထဲပြန်ပါသွားသည်။ သည်ကအပြန် ဆရာနေဝင်းမြင့်က 'အောင်ပင်လယ်ည' အကြောင်း ဆောင်းပါးရေးသည်။ ရွှေအမြုတေမှာလား၊ ရင်ခုန်ပွင့်မှာလား မမှတ်မိတော့ပါ ။

ဒီနောက်တော့ အောင်ပင်လယ်သည် ကဗျာဆရာ၊ စာရေးဆရာတို့၏ အသည်းစွဲဖြစ်လာသည်။ ပန်းချီဆရာတို့၏ မျက်စိကျရာဖြစ်လာသည်။ မြို့မငြိမ်းတို့၊ နန်းတော်ရှေ့ဆရာတင်တို့၏ နောက်မှာ မျိုးဆက်သစ်အောင်ပင်လယ်ချစ်သူတွေ များစွာပေါ်ပေါက်လာတော့သည်။ ၁၉၉၂ မှာပဲ အောင်ပင်လယ်ပေါ်တော်မူကျောင်းမှာ အောင်ပင်လယ်ကဗျာရွတ်ပွဲကို ရန်ကုန်၊ မန္တလေး၊ ပလိပ်၊ အင်းဝ၊ တံတားဦး၊ မန္တလေးကဗျာဆရာများ ၃၀ကျော်ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

တစ်ဦးတည်းသော အမျိုးသမီးစာရေးဆရာမ ဆရာမ-ယဉ်မင်းဦးပါဝင်ခဲ့သည်။

**'မင်းရှင်စော နှင့် အောင်ပင်လယ်'**

တကယ်တော့ အောင်ပင်လယ်သည် ရှေးအတီတေ ကာလကတည်းက သမိုင်းဝင်နယ်မြေဖြစ်ခဲ့သည်။ အောင်ပင်လယ်နယ်တစ်ခွင်လုံးသည် ပုဂံခေတ်တွင်မှစ၍ ခေတ်အဆက်ဆက် ဘုရားတည်၊ ကျောင်းဆောက်၊ ရေတွင်း၊ ရေကန်တူးဖော်ကောင်းမှုကုသိုလ်မှန်သမျှတို့ကို မြှုပ်နှံရာ ဘူမိနက်သန်နေရာမှန်ဖြစ်သည်။

မင်းရှင်စောသည် ပုဂံမှ ထွက်ခွာခဲ့ပြီးနောက် မန္တလေးရွှေတောင်အရပ်ဝန်းကျင် ဒုဋ္ဌဝတီမြစ်ဝှမ်းအနီးတစ်ဝိုက် မြို့သစ်၊ ရွာသစ်များ တည်ထောင်ခဲ့သည်။ နောက်တော်ပါ အမှုထမ်းများ၊ ဆင်တပ်၊ မြင်းတပ်များအတွက်ပါ နေရာချပေးခဲ့သည်။ ၄င်းရွာများကို အကြောင်းပြု၍ 'နောက်တော်ပါရွာ'ကို ဒုဋ္ဌဝတီမြစ်အနီး ပလိပ်အနားတွင် တွေ့ရှိရသည်။ ဒုဋ္ဌဝတီနှင့်ဧရာဝတီမြစ်တို့ဆုံရာ မြစ်ကျိုးအင်းနေရာဟောင်း 'တပ်ကြီး'နေရာ၌ ရှေးဟောင်းဘုရားများ တွေ့ရှိကြရသည်။

မင်းရှင်စောသည် မြို့သစ်၌ စံနေတော်မူပြီး ထွန်တုံးပွတက်ကို တည်တောင်တော်မမူခင် စစ်သည်ဗိုလ်ပါများကို 'ဆင်ရွာမြင်းမူး' ထားရှိခဲ့သည်။ အောင်ပင်လယ်ကျောက်စာထက် ရှစ်နှစ်ခန့်စောသော ကျောက်စာကိုလည်း 'လောကပါလအလိုတော်ပြည့် ကိုးနဝင်းစေတီတော်'တွင် တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ ဘုရားတံတိုင်းများတွင်လည်း မင်းရှင်စောမတိုင်မီ ပုဂံခေတ်က ထင်ရှားခဲ့ကြသော အနော်ရထာ၊ စောမွန်လှ၊ ကျန်စစ်သား၊ ဗျတ်ဝိ၊ ဗျတ္တ၊ အလောင်းစည်သူ၊ မယ်ဝဏ္ဏာတို့ ရုပ်တုများ တွေ့ရှိခဲ့ရသည်ဟု မှတ်သားရဖူးသည်။

မင်းရှင်စောလက်ထက်တွင် 'အောင်ပင်လယ်ကန်'၊ 'ဓောင်းကလောကန်'၊ 'နန္ဒာကန်'၊ 'တမုတ်ဆိုးကန်'၊ ကန်ကြီးလေးကန်တို့ကို ဆယ်တော်မူခဲ့သည်။

မင်းတုန်းမင်းကြီးလက်ထက်မှာတော့ အောင်ပင်လယ် လယ်ကွင်းများသည် ဘုရင့်မိဖုရားနှင့် မင်းညီမင်းသားများ အိုးစည်ဗုံမောင်းများဖြင့် 'လယ်ထွန်မင်္ဂလာဆင်းရာ' အထင်ကရနေရာ ဖြစ်ခဲ့သည်။

**'ရန်ကင်းတောင် သီခေါင်၊**
**ရိမှောင်လို့ ဖွေး။**
**ဗျာကသီရွာဆီကို မမျှော်လိုက်ပါနှင့်**
**မင်္ဂလာ လယ်တော်စိုက်ရယ်**
**ဆိုင်းလိုက်ပါ့လေး။ – – –'**

**"နတ်သမီးနှင့် ဘုရင်နှစ်ပါး ညားခဲ့ကြဖူးသည်"**

မြန်မာ့ရာဇဝင်သမိုင်းများတွင် နတ်သမီးနှင့် ပေါင်းဖော်ဆက်ဆံခွင့်ရခဲ့ကြသော ဘုရင်နှစ်ပါး ရှိသည်ဟု တွေ့ရသည်။

တစ်ပါးမှာ ပထမအင်းဝခေတ်နှောင်းပိုင်း တောင်ငူခေတ် တပင်ရွှေထီးမင်းနှင့်ခေတ်ပြိုင် ပဲခူးဟံသာဝတီပြည့်ရှင် မွန်ဘုရင် သုရှင်တကာရွက်ပိမင်း (၁၅၂၆-၁၅၃၄)ဖြစ်သည်။

ပထမအင်းဝခေတ် မြန်မာသက္ကရာဇ် ၇၆၂ ခုနှစ် (ခရစ်နှစ်-၁၄၀၀ ပြည့်နှစ်)တွင် အင်းဝဘုရင် မင်းကြီးစွာစော်ကဲ၏သားတော် ဆင်ဖြူရှင်မင်းတရဖျားသည် တတိယမြောက်အင်းဝဘုရင်အဖြစ် နန်းတက်သည်။ မင်းသက်ငါးလမျှအကြာတွင် အောင်ပင်လယ်အရပ်သို့ တောကစားထွက်ရာ သမင်နောက်လိုက်ရင်း မူးမတ်များနှင့်ကွဲသည်။

ထိုစဉ် ချုံထူထပ်သောနေရာ၌ ကောင်းကင်မှ ဇော်ဂျီတစ်ပါးရောက်လာပြီး မင်းကြီးလက်တွင် ကိုင်ထားသော ငွေခရသင်းကိုတောင်းသည်။ လိုချင်သည့် ပညာကိုသင်ပေးပါမည်ဟု အပေးအယူ လုပ်သည်။ မင်းကြီးက အတတ်ပညာအလိုမရှိ၊ နတ်သမီးတစ်ပါးသာ အလိုရှိသည်ဆို၍ ဇော်ဂျီက လက်ဖျစ်တစ်ချက်တီးလိုက်ရာ ကောင်းကင်မှ သူရဿတီနတ်သမီး ကျလာသည်။ ထိုအခါ ဇော်ဂျီက ခရုသင်းကိုယူပြီး ပျောက်ကွယ်သွားသည်။ မင်းကြီးလည်း ထိုနတ်သမီးနှင့် ပေါင်းသင်းဆက်ဆံပြီးနောက် နတ်သမီး ပျောက်ကွယ်သွားသည်။

ထို့ကြောင့် မင်းကြီးစိတ်ဖောက်ပြန်ပြီး ထီးလှိုင်ရှင်ဂူအောက်တွင် ငါးမျှားနေတော့သည်။ ထို့နောက် နှစ်လခန့်အကြာ အထိန်းတော် တကောင်းစားငနောက်ဆံက လုပ်ကြံသတ်ဖြတ်သဖြင့် အနိစ္စရောက်သည်။

နောက်ဘုရင်တစ်ပါးမှာ ပဲခူးဟံသာဝတီပြည့်ရှင် သုရှင်တကာရွက်ပိမင်း မြန်မာသက္ကရာဇ် ၁၅၂၆ ခုနှစ်တွင် ဟံသာဝတီမင်း ထီးနန်းတက်ခဲ့သည်။ ထိုမင်းသည် အကြိမ်ကြိမ်လုပ်ကြံခံရ၍ ပြည်ဘုရင်နရပတိမင်းနှင့် ပူးပေါင်းသည်။ ဟံသာဝတီမှ ပြည်သို့ ဆန်တက်တော်မူစဉ် တိုက်ပွဲဖြစ်၍ ခံစစ်ပြင်ကာ အင်္ဂပူရ၌ တပ်စခန်းချသည်။ ရေကန်ငယ်တစ်ခုမှာ ရေသောက်တော်မူစဉ် ရေကန်တွင်းမှ နတ်သမီးတစ်ပါး အဝတ်ဗလာဖြင့် ရေကန်မှ တက်လာပြီး ဖျားယောင်းကာ ဘုရင်နှင့် ပေါင်းဖက်ပျော်ပါးခဲ့သည်။ ပြီးလျှင် နတ်သမီးက ရုတ်ချည်း ပျောက်ကွယ်သွားသဖြင့် ထိတ်လန့်ဖျားကာ နတ်ရွာစံတော်မူသည်။ တချို့သမိုင်းများတွင်တော့ အောင်ပင်လယ်မှာ မင်ရှင်စော သူယောင်မယ်နှင့် ပေါင်းဖက်၍ ရူးသွပ်ခဲ့ရဖူးသည်ဟု ဆိုသည်။ စဉ်းစားစရာ များလှပါဘိ။

**'ယနေ့ အောင်ပင်လယ်'**

ယခုအခါ အောင်ပင်လယ်သည် ပုဂံခေတ်ကနှင့်လည်း မတူနိုင်၊ ရတနာပုံခေတ်ကနှင့်လည်း မတူနိုင်၊ ၁၉၉၂ ခုနှစ်ကနှင့်လည်း မတူနိုင်တော့ပေ။

အောင်ပင်လယ်သည် လယ်တောကြီးမဟုတ်တော့သလို လယ်ကောကြီးလည်း မဟုတ်တော့ပါ။ နွံပေါ်-ဗွက်ထူ နာလန်မထူနိုင်သေးသည့် အောင်ပင်လယ်မဟုတ်တော့ပါ။ လျှပ်စစ်မီးရောင်ထိန်ထိန်ညီးလျက် ကတ္တရာလမ်းကြီးများကလည်း ဖြောင့်ဖြောင့်ဖြူးဖြူးသွားရေးလာရေးဖြောင့်တန်းလျက်ရှိနေပါပြီ။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ ခမ်းခမ်းနားနားရှိနေပါပြီ။

အထူးသဖြင့် အောင်ပင်လယ်သည် သမိုင်းဝင်နယ်မြေဖြစ်သကဲ့သို့ မင်းတုန်းမင်းလက်ထက်ဘေးမဲ့ပေးရာသတ္တဝါများ ကင်းလွတ်ချမ်းသာခွင့်ပေးရာ နယ်မြေဖြစ်၍ အေးချမ်းခဲ့ပါသည်။ ကျောင်း၊ ကန်၊ ဇရပ်၊ စေတီ၊ တန်ဆောင်း၊ ဆည်မြောင်းစုံစွာ သန့်ရှင်းရှင်သန်လျက်ရှိပါသည်။

အထူးသဖြင့် အောင်ပင်လယ်ကျက်သရေဆောင် ပုဂံခေတ်မှဘုရားစေတီများ ရှေးဟောင်းစေတီပုထိုးများသည် မြန်မာ့မြေ၊ မြန်မာ့ရေ ဗုဒ္ဓဝါဒထွန်းကားရာ သာသနာ့နယ်မြေအဖြစ် ထင်သာမြင်သာ ရှိလှပေသည်။

ဆည်းလည်းသံတချွင်ချွင် စာအံသံတလွင်လွင်နှင့် စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် ကျောင်းသား၊ ကျောင်းသူများ ၈၀၀ခန့်နှင့် အနာဂတ်လူငယ်လေးများကို မွေးထုတ်လျက်ရှိနေသည်။ ရဟန်း၊ သံဃာ၊ ရှင်သာမဏေ၊ ဆရာကြီး၊ ဆရာလေး ၁၀၀ ခန့်ကလည်း ပရိယတ္တိ၊ ပရိပတ္တိများ ကျင့်ကြံပွားများသာသနာအရေးကို အရေးထားလျက် ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။ စာရေးသူသိကျွမ်းရင်းနှီးခဲ့သော ဦးပဥ္စင်းဘဒ္ဒန္တရာဇိန္ဒသည်လည်း မြတာဘက်နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို တည်ထောင်၍ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့ပြီး ဖြစ်သည်။

အောင်ပင်လယ်၏ အနာဂတ်မှာ သာသနာရောင်ဝါလင်းတော့မည်ကို မျှော်မှန်းကြည့်ကာ ပီတိဝေဖြာမိပါတော့သည်။

❖ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းနေရန်လို ...

❖ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်သကဲ့သို့ အုပ်ချုပ်မှု အတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသောနိုင်ငံရေးပါတီများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီများအနက် နိုင်ငံရေးပါတီ ၆၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စု တစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၂ ပါတီ ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားသော နိုင်ငံရေးပါတီအားလုံး စိစစ်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

နိုင်ငံရေး ပါတီများအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ပညာအရည်အချင်းသတ်မှတ်ချက်ဖြစ်သည့် အခြေခံပညာ အထက်တန်းဆင့်ပြီးမြောက်သူများ ဖြစ်ရမည့်အချက်ကို သတိမူကြစေလိုကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် အစိုးရအသိအမှတ်ပြုတက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရသူများ ဖြစ်ရမည်ဖြစ်၍ နိုင်ငံရေး ပါတီများအနေဖြင့် ယခုကပင်စ၍ စီစဉ်ထားရန် ဖြစ်ကြောင်း၊ ပြည်သူအားကိုးရပြီး နိုင်ငံကိုအကျိုးပြုမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်သွင်းကြရန် တိုက်တွန်းလိုကြောင်း။

ယာယီနေရပ် စွန့်ခွာလာရသူများအပါအဝင် ပြည်တွင်း၊ ပြည်ပကြိုတင် မဲပေးမည့်သူများသည် ပုံစံ(၁၅)ဖြင့် တောင်းဆိုမဲပေးရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာနေရပ်တွင် မဲပေးလိုပါက အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ပြီးပါက ထောက်ခံချက်ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားပါကြောင်း။

ရွေးကောက်ပွဲ စနစ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်မူ ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ် (MMP)ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ် မဲပေးစက်သုံးပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲတစ်မဲသည် ကိုယ်စားလှယ်လောင်းကိုသာမက ပါတီကိုပါ မဲပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းများကို ဦးစားပေး အစီအစဉ်ဖြင့် ကော်မရှင်သို့ တင်သွင်းပေးရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုအနေဖြင့် FPTP ကိုယ်စားလှယ်လောင်းများနည်းတူ PR ကိုယ်စားလှယ်လောင်းများသည်လည်း မဲဆွယ်စည်းရုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအတွက်လည်းကောင်း လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက် ပေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် သန္နိဋ္ဌာန်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေနှင့် အတူလက်တွဲပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

## ဖြည့်စွက်မှာကြား

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၁ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အဖြစ် ယနေ့ ညနေပိုင်းက ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းသည် ဒဂုံပေါ့အသင်းဘက်ကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲစဉ်ပြီးဆုံးချိန်တွင် သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် နောက်ဆုံးအဆင့်အုပ်စုပထမပွဲကြောင့် ပွဲစဉ်(၁)တွင် ယှဉ်ပြိုင်ရမည့် မဟာယူနိုက်တက်နှင့်ပွဲကို ရွှေ့ဆိုင်းထားရာ ယခုပွဲမှ စတင်ကစားရခြင်းဖြစ်ပြီး ပထမဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက် ကွင်းလယ်ကစားသမား ဟီရိုတာရှုဂျီက ဆွတ်ခူးရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အဖြစ် လာမည့် စက်တင်ဘာ ၁၄ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)